# ဝါးဘိုးစုကျေးရွာ
# ပန်းတနော်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
## (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဝါးဘိုးစုကျေးရွာ၊ပန်းတနော်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊ စက်တင်ဘာလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ဝါးဘိုးစုကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ရာသီခွင်ပြပုံ၊ အဖွဲ့အစည်းပြပုံ၊ ပန်းတနော်မြို့** | ၃ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၇ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာ မီးလင်းရေး | |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၁ |
| ၈။ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၂ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၈ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | |
| | နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | |
| | နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | နောက်ဆက်တွဲ(၄) နှစ်အလိုက်စီမံချက်များစာရင်း | |
| | နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁) | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျုံတုံးကျေးရွာ၏ ကျေးရွာသူ/ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နှင့် ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

စက်တင်ဘာလ၊ ၂၀၁၉ ခုနှစ်<br>
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ<br>
ဝါးဘိုးစုကျေးရွာ<br>
ပန်းတနော်မြို့နယ်

# ဝါးဘိုးစုကျေးရွာသယံဇာတပြမြေပုံ၊ပန်းတနော်မြို့နယ်



# ဝါးဘိုးစုကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်



ဝဲဒေါင့်ကျေးရွာအုပ်စု၊ ဝါးဘိုးစုကျေးရွာ၏
ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ တည်ရှိမှုပုံစံပြ( Venn Diagram )



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပန်းတနော်မြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင်တည်ရှိ၍ ဧရာဝတီတိုင်း ဒေသကြီး၊ မအူပင်ခရိုင်တွင် တည်ရှိပါသည်။ ပန်းတနော်မြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ်နှင့် ၁၇ဒီဂရီ ၂၃ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၈ မိနစ်နှင့် ၉၅ ဒီဂရီ ၅၃ မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၄၉၈.၅၂) စတုရန်းမိုင်ကျယ်ဝန်း ပါသည်။ အရှေ့မှ အနောက်သို့(၁၇) မိုင်ရှိပြီး တောင်မှ မြောက်သို့(၂၇)မိုင်ရှည်လျားပါသည်။

ပန်းတနော်မြို့နယ်သည် အရှေ့ဘက်တွင် ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့ နယ်၊ အနောက်ဘက်တွင် အိမ်မဲမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်၊ တောင်ဘက်တွင် ဝါးခယ်မ မြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ် လျှက်ရှိပါသည်။

ကျုံတုံးကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ မြေနုကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ပန်းတနော်မြို့နယ်နှင့် (၂၇) မိုင် ကွာဝေးပါသည်။ ပတ်ဝန်းကျင် ကျေးရွာများမှာ သရက်ချောင်းကျေးရွာ၊ သုံးခွကျေးရွာနှင့် ဝါးခယ်မြို့နယ်၊ ဖေါက်တိန်းကျေးရွာတို့ ဖြစ်ပါသည်။ ကျုံတုံးကျေးရွာသည် ကိုင်လုပ်ငန်း အဓိက လုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်သည်။ အခြားလုပ်ငန်း များကိုလည်း အနည်းငယ် လုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်ပါသည်။

## ၂။ ရာသီဉတုနှင့် သဘာဝ အရင်းအမြစ်များ

ပန်းတနော်မြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှု များသော ဒေသဖြစ်ပါသည်။ ပန်းတနော်မြို့နယ်သည် သမမျှတသောရာသီဉတုရှိပြီး အမြင့်ဆုံး အပူချိန် ၂၉.၂၂ $^{\circ}C$ ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၂၃.၉၇ $^{\circ}C$ ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှ မိုးရွာရက် (၁၀၈) ရက်ရှိပြီး ပျမ်းမျှ မိုးရေချိန်မှာ (၈၈.၁၉) လက်မ ဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်းသောလမှာ ဇူလိုင်လနှင့် ဩဂုတ်လများ ဖြစ်ပါသည်။

ဝါးဘိုးစုကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝ အရင်းအမြစ်များ ထွက်ရှိမှုမှာ သဲ ကို ချောင်းမြောင်းတွင် ထုတ်ယူရရှိပါသည်။ သို့သော်လည်း ဆေးဖက်ဝင် အပင်များဖြစ်သည့် ဘုန်းမသိမ်၊ လောက်သေ၊ ပွေးကိုင်၊ ဆင်တုံးမနွယ်၊ ကုန်းဇေဒါ၊ ကြိတ်မှန်ရွက်၊ ဆင်တုံးမနွယ်နှင့် စသည့်တို့ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင် အပင်များ ပေါက်ရောက်သည့် ဒေသ တစ်ခုလည်း ဖြစ်ပါသည်။ လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီ အသင့်အတင့်ကောင်းမွန် သည်။ တောင်သူအားလုံးမှာ မြစ်ရေနှင့် အဝီစိတွင်းရေဖြင့် စိုက်ပျိုးမြေဧရိယာဧက (၅၇၉၃၇၆.၁) ခန့်ကိုသာ ရေသွင်း စိုက်ပျိုးနိုင်သည်။

ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက (၁၇၆.၁)ဧက ရှိပြီး စပါး၊ ငရုတ်နှင့် ပဲများကို အဓိက စိုက်ပျိုးကြပြီး၊ သင်/ဖျာလုပ်ငန်းကိုလည်း အဓိကထား လုပ်ကိုင်ကြသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုဗဟိုပြုအဖွဲ့အစည်းများတွင် ရပ်မိရပ်ဖအဖွဲ့(ကျား-၂၀)ဦး၊ လူငယ်အဖွဲ့(ကျား-၂၄၊မ-၁၉)ဦး၊ ပရဟိတအဖွဲ့ (ကျား-၁၃၊မ-၁၀)ဦး၊ ကျောင်းကော်မတီအဖွဲ့(ကျား-၃၂)ဦး၊ အမျိုးသမီးအဖွဲ့ (မ-၂၀)ဦးတို့သည် ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကျုံတုံးကျေးရွာတွင် ၂.၅ ဧအောက် ဆင်းရဲသားတောင်သူ(၆၉)အိမ်ထောင်စု၊ ၂.၅ဧကမှ ၅ဧက ကြားရှိ တောင်သူငယ်(၃၂)အိမ်ထောင်စု၊ ၅ဧကမှ ၁၂.၅ဧကကြားရှိ တောင်သူလတ်(၁၆) အိမ်ထောင်စု၊ ၁၂.၅ဧက အထက်ရှိ တောင်သူကြီး (၂)အိမ်ထောင်စု စသည်တို့ ရှိကြသည်။ အဓိအားဖြင့် စပါး၊ငရုတ်နှင့် ပဲများ အဓိကထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် (၉၀)အိမ်ထောင်စုခန့်ရှိပြီး အများစုသည် သင်/ဖျာလုပ်ငန်းလုပ်ကိုင်ခြင်း၊ နေ့စား/ကျပန်း အဖြစ် လုပ်ကိုင်စားသောက်ကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မြစ်ရေနှင့် အဝီစိတွင်းမှ ရရှိသော ရေကို အဓိက အသုံးပြု၍ စိုက်ပျိုးရေးလုပ်ကိုင်ကြပြီး မြစ်ရေနှင့် အဝီစိတွင်းနှင့် ဝေးကွာသည့် ကိုင်မြေဧကများတွင် ရေလုံလောက်စွာ မရရှိသဖြင့် သီးနှံအထွက်နှုန်းမှာ (၄၀)ရာခိုင်နှုန်းလောက်သာ ရရှိပါသည်။ ကျေးရွာရှိ စိုက်ပျိုးတောင်သူများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်းစက်(၂)စီး၊ လက်တွန်းစက်(၈)စီး၊ အစေ့ချကိရိယာ(၂)စီး၊ ခြွေ့လှေစက်(၃)စီး၊ ရေစုပ်စက်(၅၀)လုံး၊ ခြေနင်းရေတင်စက်(၇)လုံး၊ မြက်ရိတ်စက်(၃၂)လုံးရှိပြီး ငှားရမ်းလုပ်ကိုင်ကြသော တောင်သူများလည်း ရှိပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့်ဓါတ်တုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် အခြားဓါတ်ဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း ပန်းတနော်ဈေး တွင် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် တောင်သူကိုယ်တိုင်သော်လည်းကောင်း၊ ကုန်သည်ပွဲစားများမှ တဆင့်သော်လည်းကောင်း၊ ရောင်းချနိုင်ကြပါသည်။

မိုးတွင်းကာလတွင် ရေနက်ကွင်း ကိုင်မြေများ ဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ကိုင်ကြနိုင်ခြင်း မရှိပါ။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ဆိတ်မွေးမြူထားသည့် အိမ်ထောင်စု (၁)စုရှိပြီး၊ ဆိတ်ကောင်ရေ(၅)ကောင်၊ ဝက်မွေးမြူထားသည့် အိမ်ထောင်စု(၂၄)အိမ်ရှိပြီး ဝက်ကောင်ရေ(၃၇)ကောင်၊ ကြက်မွေးမြူ ထားသည့် အိမ်ထောင်စု(၁၂၄)အိမ်ရှိပြီး ကြက်ကောင်ရေ(၇၀၂)ကောင်၊ ဘဲမွေးမြူ ထားသည့် အိမ်ထောင်စု(၂၆)အိမ်ရှိပြီး ဘဲကောင်ရေ(၁၄၇)ကောင်၊ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၆)ဦး စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

ကျေးရွာအတွင်း မွေးမြူရေးအတွက်လိုအပ်သည့် မျိုးကောင်းတိရစ္ဆာန်များ၊ သွင်းအားစုများ၊ နည်းပညာဝန်ဆောင်မှုများ မရရှိနိုင်ခြင်း၊ ရင်းနှီးလုပ်ကိုင်ရန် ငွေကြေးအလုံအလောက် မရရှိခြင်းကြောင်းတွေ့ရှိရပါသည်။ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန် ကျေးရွာ အတွင်းသို့ ချေးငွေ ငွေကြေးဝန်ဆောင်မှုများ ကို အတိုးနှုန်းသက်သက်သာသာဖြင့် လာရောက် ပံ့ပိုးနိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများစွာ တိုးတက်နိုင်မည်ဖြစ်ပါသည်။

### (ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ဝါးဘိုးစုကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေး လုပ်ငန်း လုပ်ကိုင်သူများမှာ ဈေးဆိုင်၊ အရောင်းအဝယ်၊ ဆံပင်ညှပ်၊ ပန်းရံ-လက်သမား၊ ဆံပင် အလှပြင်၊ အစားအသောက်ရောင်းချသူ၊ အစိုးရဝန်ထမ်းများ၊ ဝန်ထမ်းလုပ်ငန်း၊ တစ်ပိုင်တစ်နိုင် ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ၊ ခေါင်းရွက်ဗျက်ထိုး၊ ဆိုင်ကယ်တက်အငှါးလိုက် အစရှိသည့် လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ နေ့စားအလုပ်လုပ် ကိုင်သူမှုများမှာ ဈေးဆိုင် ဝန်ထမ်း၊ ပန်းရံ-လက်သမား အလုပ်သမားများ အဖြစ် သွားရောက်လုပ်ကိုင်ကြသည်။ လုပ်ငန်းအမျိုးအစား ပေါ်မူတည်၍ တစ်နေ့လျှင် လုပ်အားခ ကျား(၆၀၀၀ မှ ၃၀၀၀) ကျပ်၊ မ (၅၀၀၀မှ ၃၀၀၀ ) ကျပ် ရရှိပါသည်။ ကျေးရွာ အိမ်ထောင်စုပေါင်း (၁၅၀) ခန့် လုပ်ကိုင်ကြသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်း ကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတက်ပညာများ ကျွမ်းကျင်စွာ တက်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်အသင့်အတင့်ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေချေးရန် အရင်းအမြစ်များမှာ ပြင်ပအဖွဲ့အစည်းနှင် မိဘဆွေးမျိုးများတွင်သာ ချေးယူရရှိပြီး ပက်-မြန်မာ သည်ကျေးရွာတွင် အကောင် အထည်ဖော် ဆောင်ရွက်နေသည်မှာ (၃)နှစ်ခန့် ရှိပြီဖြစ်သည်။ စိုက်ပျိုးရေးချေးငွေနှင့် ကျပန်းများအား ချေးသည့် ရိုးရိုးချေးငွေဟူ၍

နှစ်မျိုးရှိသည်။ စိုက်ပျိုးရေးချေးငွေမှာ ပထမနှစ်တွင် (၂၀၀,၀၀၀) ကျပ်ဖြစ်ပြီး ရိုးရိုးချေးငွေမှာ (၈၀,၀၀၀)ကျပ် ဖြစ်သည်။ စိုက်ပျိုးရေး ချေးငွေရရှိရန် ပုံစံ (၇) လိုအပ်သည်။ သို့ရာတွင် ကျပန်း မိသားစုများအနေဖြင့် ငွေချေးရန် အခက်အခဲ ရှိနေပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြန်လည် ပေးဆပ်သည့် ပုံစံမှာ (နှစ်ပတ်လျှင် တစ်ကြိမ်) ပြန်လည်ပေးဆပ်ရခြင်း၊ ပုံမှန်ဝင်ငွေရလုပ်ငန်းများ မရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်းပညာများ မရှိခြင်းတို့ကြောင့် ဖြစ်သည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ရန်ကုန်-ဝါးခယ်မကားလမ်းမှ ဝါးဘိုးစုကျေးရွာသို့ (၄)မိုင်အတိုင်အတားရှိသော ကျေးရွာချင်းဆက်လမ်းရှိပြီး ဝါးဘိုးစုကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ရေကြောင်းနှင့် ကုန်လမ်းနှစ်ခုစလုံးကို အသုံးပြုနိုင်ပါသည်။ ရေကြောင်းလမ်းကို မိုးရာသီတွင် အသုံးပြုနိုင်ပြီး ကုန်လမ်းကို ပွင့်လင်းရာသီတွင် သာအသုံးပြုနိုင်ပါသည်။ အသုံးပြုသော ယာဉ်များမှာ လှေ (၁၂) စီး၊စက်လှေ(၁၇၉)စီး၊ စက်ဘီး (၁၇၉) စီး၊ ထော်လာဂျီ(၃၀)စီးနှင့် မော်တော်ဆိုင်ကယ် (၁၀၇)စီး ရှိပါသည်။

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် မြေသားလမ်းများမှာ မိုးတွင်းကာလ များတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။ ကျေးရွာ၏ တဖက်ကမ်းသို့တံတားတည်ဆောက်နိုင်ပါက လမ်းပန်းဆက်သွယ်ရေး ပိုမိုမြန်ဆန်လွယ်ကူမည်ဖြစ်ပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာ မီးအလင်းရောင်အတွက် ဖယောင်းတိုင်နှင့် မီးခွက်ကိုသာ သုံးစွဲနေရပြီး၊ ဆိုလာမီးအလင်းကို အိမ်ခြေ (၉၁) အိမ်သာလျှင် မိမိ အစီအစဉ်ဖြင့်သာ ဝယ်ယူသုံးစွဲ နေပါသည်။ ဒီဇယ်အင်ဂျင်ဖြင့် အိမ်ခြေ(၁၂)နှင့် ဘတ်ထရီမီးအသုံးပြုနိုင်သော အိမ်ခြေ(၁၈၇)အိမ်ခြေရှိပြီး၊ လျှပ်စစ်ဓါတ်အားလိုင်းနှင့် ဝေးကွာပြီး ကုန်ကျစရိတ်များသောကြောင့် လျှပ်စစ်မီးလင်းရေးမှာ ကြန့်ကြာနိုင်သေးပါသည်။ ကျေးရွာလူထုမှ လျှပ်စစ်မီးလင်းရေး ကိုသာ စိတ်ဝင်းစာကြပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၂၀၀)လုံး၊ ရေဒီယို (၈၈)လုံး၊ တီဗွီ (၉၉)လုံး၊ ဂြိုလ်တုစလောင်း (၇၀)လုံး စသည်တို့မှ ရရှိသည့်အပြင် Ooredoo, MPT, Mytel, Telenor ဖုန်းလိုင်းများ ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

### ၆။ ပညာရေး

ဝါးဘိုးစုကျေးရွာရှိတွင်း အခြေခံပညာမူလတန်းလွန်ကျောင်းရှိပြီး ကျောင်းသား/ သူများ ပညာသင်ကြားနေရပြီး အဆိုပါကျောင်းဆောင်မှာ ၁၂၀’x ၃၀’x ၁၀’ရှိသော တစ်ထပ်သစ်သားကျောင်းဖြစ်ပြီး လက်ရှိအခြေအနေတွင် အရည်အသွေးကောင်းမွန်လျက် ရှိပါသည်။ ကျောင်းအုပ် ဆရာမကြီး (၁) ဦး၊ လက်ထောက် ဆရာ၊ ဆရာမ (၅) ဦးရှိပါသည်။ ကျေးရွာမှ ငှားရမ်းထားသော ဆရာမ(၂)ဦးရှိပါသည်။ ဆရာ၊ တပည့် အချိုးအားဖြင့် (၄၀)အောက် ဖြစ်ပါသည်။ ကျောင်းတွင် အခန်းများ ခွဲထားပါသည်။ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းသူ/သား (၁၈၁) ဦး ရှိပါသည်။ သောက်သုံးရေကို ကျောင်းဝင်းအတွင်း ရှိ လက်နှိပ်တုံကင်မှ ခပ်ယူသုံးစွဲပါသည်။ (၂) ခန်းတွဲ အိမ်သာ(၂)လုံးကလည်း ကျောင်းသူ၊ ကျောင်းသားများ အတွက် လုံလောက်မှု ရှိပါသည်။ ထိုင်ခုံနှင့် စာရေးခုံများ လိုအပ်ချက် ရှိပါသည်။

ကျေးရွာအတွင်းရှိ လက်ရှိပညာသင်ကြားနေသော ကျောင်းသား/သူအရေအ တွက်ပေါင်း (၁၈၁)ဦး ရှိပါသည်။ ကျေးရွာ၏လက်ရှိကျောင်းအဆင့်မှာ မူလွန်အဆင့်သာရှိခြင်းကြောင့် အလယ်တန်း/အထက်တန်းများသို့ သွားရောက်၍ ပညာသင်ကြားနေသော ကျောင်းသား/ သူများသည် ခရီးကွာဝေးခြင်း၊ လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်းကြောင့် မိုးရာသီတွင် အခက်အခဲများရှိနေပါသည်။ထို့ပြင် ရပ်ဝေးမှ ဆရာ/ဆရာမများ လည်းရှိသောကြောင့် ဆရာ/ ဆရာမများ သွားလာရာတွင် ဝေးကွာခြင်းကြောင့် ဝန်ထမ်းအိမ်ရာတစ်ဆောင် ဆောက်လုပ်နိုင် မည်ဆိုပါက ရပ်ဝေးမှလာရောက်သင်ကြားရသော ဆရာ/ဆရာမများအတွက် အဆင်ပြေချောမွေ့ မည် ဖြစ်ပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ အများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့်လူဦးရေမှာ (၄၇.၈၆)ရာခိုင်နှုန်းအထိသာရှိခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၄.၀၄)ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၈.၈၇)ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၁.၈၅)ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူစွမ်းအားအရင်း အမြစ် ကောင်း များဖြစ်ကြပါသည်။

### ၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက (၃)မိုင်အတွင်း ကွာဝေးသော ကျေးရွာအုပ်စု ကျန်းမာရေးဆေးပေးခန်းသို့ အဓိကထား၍ သွားရောက်ပြသပါသည်။ ဆေးပေးခန်းတွင် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိသော်လည်း အခန်းကုတင် လုံလောက်မှုနည်းပါးကြောင်း တွေ့ရှိရပါသည်။ အသေးစား ကျန်းမာရေးနှင့် ဆိုင်သော

ဆေးဝါးများကို ဝါးဘိုးစုကျေးရွာ အတွင်းရှိ ကုန်စုံဆိုင်များတွင် ရရှိနိုင်ပြီး အကြီးစား ကျန်းမာရေးအတွက်က ပန်းတနော်မြို့ပေါ်ရှိ ဆေးဆိုင်တွင် ရနိုင်ပါသည်။ အရေးပေါ်ကိစ္စရပ် များအတွက်ကိုမူ ပန်းတနော်မြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသကြပါသည်။ ကျေးရွာအတွင်း တွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းတွင် အခန်းကုတင်လုံလောက်စွာ ထားရှိ ပါ က ကျေးရွာများအတွက် ကောင်းမွန်သော အကျိုးသက်ရောက်မှု ရှိလာပါမည်။

ကျေးရွာအတွင်းရှိ မိုးရေလှောင်ကန်အသုံးပြုသူ အိမ်ထောင်စုအနည်းငယ်သာရှိပါသည်။ အဝီစိစက်တပ်အသုံးပြုသူ အိမ်ထောင်စု (၂၆)အိမ်နှင့် အဝီစိတုံကင်အသုံးပြုသူအိမ်ထောင်စု(၆၀) ရှိပြီး ကျန်အိမ်ထောင်စုများမှ မြစ်ရေကိုသာ အဓိကထားသုံးစွဲနေကြရပါသည်။ သောက်ရေအတွက် လုံလောက်မှု ရှိသော်လည်း ရေအရည်အသွေးမှာ ညံ့ပါသည်။ ကျေးရွာသောက်ရေ လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် (၄) လက်မ စက်ရေတွင်း တစ်တွင်းနှင့် အုတ်ရေကန်တစ်ကန် လိုအပ် နေပါသည်။ ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စုမှာ (၂၀၈) အိမ်ရှိပြီး ယင်လုံအိမ်သာ ဆောက်လုပ်ရာတွင် မြေပြိုခြင်း၊ ကမ်းပြိုခြင်းကြောင့် ကွန်ကရစ်ခွေချမှသာ ဆောက်လုပ်နိုင်မည် ဖြစ်သဖြင့် ကုန်ကျစရိတ် များပြားမှုကြောင့် မဆောက်လုပ်နိုင်ကြပဲ အခြားအိမ်သာများတွင် သွားတက်ခြင်းနှင့် တောထိုင်ခြင်းများကို ပြုလုပ်ကြပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့ ယင်လုံ အိမ်သာ ဆောက်လုပ်ကြရန်နှင့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်မှာ အဓိကကျကြောင်း သုံးသပ် ဆွေးနွေးကြပါသည်။

## ၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ဝါးဘိုးစုကျေးရွာတွင် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့်အိမ်ထောင်စုများနှင့် လက်လုပ် လုပ်စား၊ကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများအနည်းငယ်ရှိသဖြင့် ၄င်းအိမ် ထောင်စုများ သည် သဘောဝဘေးနှင့် စားနပ်ရိက္ခာများ မဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

ဝါးဘိုးစုကျေးရွာတွင် သဘာဝဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ၊ အနည်းငယ်ရှိပြီး၊ အိမ်ထောင်စုများမှ စားသုံးရန် ထမင်း၊ဟင်းများ ချက်ပြုတ်ရန် ထင်းများ ခုတ်ယူ သုံးစွဲသဖြင့် သစ်တောပြုန်းတီးမှုများအနည်းငယ်ရှိပါသည်။ ကျေးရွာအတွင်းတွင် စွန့်ပစ်ပ စည်း များအား စနစ်တကျစွန့်ပစ်မှုမရှိခြင်းကြောင့် နောင်တွင်ကျန်းမာရေးပြဿနာများ ပေါ်ပေါက် လာနိုင်ပါသည်။ မိုးရာသီတွင် ငှက်ဖျားရောဂါဖြစ်ပွား မှုအနည်းငယ်ရှိပါသည်။ တီဘီရောဂါ ဖြစ်ပွားသည့် လူနာအငယ်နည်းငယ်ရှိပါသသည်။ တိရစ္ဆာန် ရောများသည့် ရာသီကူးပြောင်း မှုများတွင် ဖြစ်ပေါ်သော ခွာနာ၊လျှာနာဂေါနှင့် ကြက်၊ ဝက်၊ တုပ်ကွေးရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

## ၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ဝါးဘိုးစုကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးမှာ အမျိုးသား ဦးရေထက် များပါသည်။ ကောက်စိုက်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀) ကျပ်ခန့် ရရှိကြသည်။ ကောက်ရိတ်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀) ကျပ်ခန့် ရရှိကြပါသည်။ နေ့စားအလုပ်လုပ်ကိုင်သူများမှာ ဈေးဆိုင် ဝန်ထမ်း၊ ပန်းရံ-လက်သမား အလုပ်သမားများ အဖြစ်သွားရောက်လုပ်ကိုင်ကြသည်။ တစ်နေ့လျှင် လုပ်အားခ ကျား(၆၀၀၀) ကျပ်၊ မ (၄၀၀၀) ကျပ်ရရှိပါသည်။ ကျေးရွာ အိမ်ထောင်စုပေါင်း (၂၀၉)စု လုပ်ကိုင်ကြသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသမီးဦးရေမှာ ပိုမိုများပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးရေးရာ အဖွဲ့တို့တွင် အမျိုးသမီးများသာလျှင် ဦးဆောင်ပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။

**ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၏ ကျေးရွာအလိုက် ဦးစားပေးစီမံချက်များ စာရင်း**

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ဦးစားပေးအဆင့် | အကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဝါးဘိုးစု | ပညာရေး | ပညာရေးဝမ်ထမ်းအိမ်ရာဆောက်လုပ်ခြင်း | ၁ | ပညာရေး/ကျေးရွာ | |
| ၂ | | ပညာရေး | ပညာရေးဝန်ထမ်းလိုအပ်ချက်တောင်းခံခြင်း | ၂ | ပညာရေး/ကျေးရွာ | |
| ၃ | | ပညာရေး | ကျောင်းဆောင်တစ်ဆောင်ဆောက်လုပ်ခြင်း | ၂ | ပညာရေး/ကျေးရွာ | |
| ၄ | | ကျေးလက်လမ်းဦးစီး | မြစ်ကူးတံတားဆောက်လုပ်ခြင်း | ၄ | ကျေးလက်လမ်း/ကျေးရွာ | |
| ၅ | | ကျေးလက်ဦးစီး | ကျေးရွာတွင်းကျောက်ချောလမ်းခင်းခြင်း | ၅ | ကျေးလက်ဦးစီး/ ကျေးရွာ | |
| ၆ | | ဘဏ်နှင့် ချေးငွေ ဝန်ဆောင်မှု | လုပ်ငန်းလုပ်ကိုင်ရန် ရင်းနှီးမတည် ငွေတောင်း ခံခြင်း | ၆ | ကျေးလက်ဦးစီး | |
| ၇ | | လျှပ်စစ် | ကျေးရွာမီးလင်းရေးဆောင်ရွက်ခြင်း | ၇ | လျှပ်စစ်/ကျေးရွာ | |

ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၏ ကျေးရွာအလိုက် ဦးစားပေးစီမံချက်များ စာရင်း

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ဦးစားပေး အဆင့် | အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၈ | ဝါးဘိုးစု | ကျန်းမာရေး | လူနာတင်ကားတောင်းခံခြင်း | ၈ | ကျေးလက်ဦးစီး | |
| ၉ | | ကျန်းမာရေး | ကျန်းမာရေးဝန်ထမ်းအိမ်ရာတောင်းခံခြင်း | ၉ | ကျန်းမာရေး | |
| ၁၀ | | ပညာရေး | စာသင်ကျောင်းခြံစည်းရိုးခတ်ခြင်း | ၁၀ | ပညာရေး | |
| ၁၁ | | လူငယ် | အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ခြင်း | ၁၁ | ကျေးလက်ဦးစီး | |
| ၁၂ | | ကျန်းမာရေး | ကျန်းမာရေးအထောက်အကူပြုပစ္စည်း တောင်းခံခြင်း | ၁၂ | ကျန်းမာရေး/ကျေးရွာ/ NGO | |
| ၁၃ | | အုပ်ချုပ်ရေး | သင်္ချိုလ်စက်ဆောက်လုပ်ခြင်း | ၁၃ | ကျေးလက်စည်ပင် | |
| ၁၄ | | ကျန်းမာရေး | ရေသန့်စက်တောင်းခံခြင်း | ၁၄ | ကျေးလက်ဦးစီး | |

**ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၏ ကျေးရွာအလိုက် ဦးစားပေးစီမံချက်များ စာရင်း**

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ဦးစားပေး အဆင့် | အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁၅ | ဝါဘိုးစု | လူငယ် | စာကြည့်တိုက်တောင်းခံခြင်း | ၁၅ | ပြန်/ဆက်ဦးစီး | |
| ၁၆ | | စိုက်ပျိုးရေး | စိုက်ပျိုးရေးအသိပညာပေးဟောပြော ဆောင်ရွက်ခြင်း | ၁၆ | စိုက်ပျိုးရေးဦးစီး | |
| ၁၇ | | စိုက်ပျိုးရေး | စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့်လိုအပ်ခြင်း | ၁၇ | စိုက်ပျိုးရေးဦးစီး | |
| ၁၈ | | လူငယ် | အားကစားကွင်းလိုအပ်ခြင်း | ၁၈ | အားကစားနှင့် ကာယပညာဦးစီးဌာန | |

# ဝဲဒေါင့်ကျေးရွာအုပ်စု၊ဝါးဘိုးစုကျေးရွာ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးအောင်သန်း | ဦးစပိုး | ၁၄/ပတန(နိုင်)၀၁၇၆၄၁ | ၆၄ | ဥက္ကဌ | ၀၉-၆၉၁၄၂၀၅၀၆ |
| ၂ | ဦးသောင်းမြင့် | ဦးဘသန်း | ၁၄/ပတန(နိုင်)၀၁၇၆၃၇ | ၇၁ | ဒု-ဥက္ကဌ | ၀၉-၇၉၀၉၈၂၅၈၄ |
| ၃ | ဦးမြသောင်း | ဦးစိန်ကျော် | ၁၄/ပတန(နိုင်)၀၁၆၅၄၀ | ၇၂ | အတွင်းရေးမှူး | ၀၉-၉၅၀၉၇၄၅၈၂ |
| ၄ | ဦးဌေးအောင် | ဦးသိန်းစိန် | ၁၄/ပတန(နိုင်)၀၁၇၆၃၄ | ၅၇ | တွဲ-အတွင်းရေးမှူး | ၀၉-၆၉၄၉၀၂၃၈၉ |
| ၅ | ဦးထွေး | ဦးသန်း | ၁၄/ပတန(နိုင်)၀၁၇၇၁၀ | ၆၄ | ဘဏ္ဍာရေးမှူး | ၀၉-၇၈၆၃၆၅၂၇၆ |
| ၆ | နန့်အေးမိုးမြင့် | ဦးအောင်သိန်းထွန်း | ၁၄/ပတန(နိုင်)၁၄၂၆၇၀ | ၃၄ | စာရင်းကိုင် | ၀၉-၇၆၂၄၈၆၇၇၆ |
| ၇ | ဦးဆန်းညွန့် | ဦးရွှေနန်းတင် | ၁၄/ပတန(နိုင်)၃၂၂၀၄၂ | ၃၉ | အဖွဲ့ဝင် | ၀၉-၇၈၇၀၉၆၉၀၉ |
| ၈ | ဦးနှင်းလှိုင် | ဦးစိန်မောင် | ၁၄/ပတန(နိုင်)၀၁၆၅၄၁ | ၆၄ | အဖွဲ့ဝင် | ၀၉-၇၆၂၉၇၉၅၉၄ |
| ၉ | ဒေါခင်နှင်းဝေ | ဦးညွန့်ဝေ | ၁၄/ပတန(နိုင်)၂၂၇၆၇၉ | ၂၄ | အဖွဲ့ဝင် | ၀၉-၇၉၄၅၃၆၈၁၃ |
| ၁၀ | ဦးဟန်သာအေး | ဦးသိန်း | ၁၄/ပတန(နိုင်)၀၁၇၇၂၆ | ၅၃ | အဖွဲ့ဝင် | ၀၉-၇၈၈၄၂၃၇၂ |
| ၁၁ | ဦးနိုင်လင်းအောင် | ဦးနွယ်ဝင်း | ၁၄/ပတန(နိုင်)၁၉၉၂၁၅ | ၂၆ | အဖွဲ့ဝင် | ၀၉-၇၆၀၉၂၅၄၄၆ |
| ၁၂ | ဦးဟန်ဇော်လင်း | ဦးစသန်း | ၁၄/ပတန(နိုင်)၁၆၈၃၉၅ | ၂၇ | အဖွဲ့ဝင် | ၀၉-၆၉၁၄၀၀၆၄၀ |
| ၁၃ | ဦးထက်နိုင်စိုး | ဦးတင်ရီ | ၁၄/ပတန(နိုင်)၂၄၉၂၀၄ | ၁၉ | အဖွဲ့ဝင် | ၀၉-၆၉၁၁၅၂၅၆၃ |

**နောက်ဆက်တွဲ (၂)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၆ | ၁၂ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၂၇ | ၃၁ | ၅၈ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၅၄ | ၄၁ | ၉၅ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၅၈ | ၃၇ | ၉၅ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၄၄ | ၃၆၁ | ၇၀၅ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၅ | ၃၆ | ၆၁ |
| **စုစုပေါင်း** | | ၅၁၄ | ၅၁၂ | ၁၀၂၆ |
| **စုစုပေါင်း အိမ်ထောင်စု** | | ၂၀၉ | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁)နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီ အရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီ အရွယ်၊အသက်၆၅နှစ် နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ကျွန်တော်တို့ကျေးရွာတွင် (၁)နှစ်အောက်ကလေးများမှာ လူဦးရေ (၁၂)ဦးရှိပြီး၊ (၅)နှစ်အောက်ကလေးများမှာ ဦးရေ(၅၈)ဦးရှိပါသည်။ မူလတန်းကျောင်းသားအရွယ် (၉၅)ဦးရှိပြီး၊ အလယ်တန်းကျောင်းသားအရွယ်မှာ (၉၅)ဦးရှိသောကြောင့် အနာဂါတ်ထူးချွန်လူငယ်လေးများ ပေါ်ပေါက်လာနိုင်ပါသည်။ အလုပ်လုပ်နိုင်သောဦးရေသည် သက်ကြီးရွယ်ဦးရေထက်များသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း

များ တိုးတက်အောင်မြင်အောင်လုပ်ဆောင်ရာတွင် မြန်ဆန်နိုင်ပါသည်။ ပျဉ်မျှလူဦးရေမှာ (၄.၉)ရှိကြောင်း လေ့လာ တွေ့ရှိရ ပါသည်။

**(ခ)အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေ ရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၄ | ၃၀ | ၁၇ | မြင့် ☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ဝ | ဝ | ဝ | မြင့်☐လတ်☐နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၃ | ၃ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ဝ | ဝ | ဝ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၁၀ | ၆ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ဝ | ဝ | ဝ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ဝ | ဝ | ဝ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ဝ | ဝ | ဝ | မြင့် ☐လတ် ☐နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေ ရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂၁ | ၂၉၅ | ၄ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၄ | ၀ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | ၂ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေ ရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၀ | ၂၀ | ၁၃ | မြင့် ☐လတ် ☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၀ | ၃၄ | ၂၅ | မြင့် ☐လတ် ☑နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေ ရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၄ | ၄ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၂ | မြင့် ☐လတ် ☐နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၃၈ | ၆၀ | ၄၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐လတ် ☐နိမ့် ☐ |
| | စုစုပေါင်း | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာအတွင်းရှိ စိုက်ပျိုးရေးမဟုတ်သော အခြားလုပ်ငန်း လုပ်ကိုင်သည့် အိမ်ခြေပျမ်းမျှမှာ (၈၀)ရာခိုင်နှုန်းခန့်ရှိပြီး အဓိကလုပ်ငန်း၏ရပ်တည်မှု အနေအထားမှာ အလယ်အလတ်အဆင့်သာရှိပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်သည့် အိမ်ခြေအနည်းငယ်သာရှိသောကြောင့် စိုက်ပျိုးမွေးမြူရေးအသိပညာပေးသင်တန်းများ လိုအပ်ကြောင်းလေ့လာတွေ့ရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ဝ | ဝ | ဝ | ဝ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၅၀၀၀ | ဝ | ၃၀၀၀ | ဝ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ဝ | ဝ | ဝ | ဝ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ဝ | ၁၅၀၀ | ဝ | ၁၃၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၆၀၀၀ | ဝ | ၄၀၀၀ | ဝ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ဝ | ဝ | ဝ | ဝ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ဝ | ဝ | ဝ | ဝ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ဝ | ဝ | ဝ | ဝ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |

**ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင်းလုပ်ငန်းနှင့် ကျား၊မ အလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထားအနေဖြင့် လယ်ယာစိုက်ပျိုးရေး၏တစ်ရက်တာငွေမှာ ကျားအများဆုံး(၄၀၀၀)ကျပ်မှ အနည်းဆုံး(၃၅၀၀)ကျပ်ရရှိပြီး အမျိုးသမီးများမှာ (၃၅၀၀)ကျပ်မှ (၃၀၀၀)ကျပ်ရရှိပါသည်။ အခြားဒေသသို့သွားရောက်လုပ်ကိုင်နေသော လူဦးရေအနေဖြင့် ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း၏ တစ်ရက်တာဝင်ငွေမှာ ကျားအများဆုံး (၆၀၀၀)ကျပ်မှ အနည်းဆုံး (၅၀၀၀)ကျပ်ရရှိပြီး၊ အမျိုးသမီးများအနေဖြင့် လုပ်အားခအများဆုံး (၅၀၀၀)ကျပ်မှ အနည်းဆုံး (၄၀၀၀)ကျပ်ရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး<br>(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| လယ်မြေ | ၅၃.၁၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၂၇၉.၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း/ ကျွန်းမြေ | ၄၃.၃၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဓနိတောမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | ၃၇၅.၄ | ☒ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။**

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ဝါးဘိုးစုကျေးရွာအတွင်း စိုက်ပျိုးမြေဧက (၁၇၆.၁)ခန့်ရရှိပြီး သင်ဖျာလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ သင်ဖျာအပြင်အခြားသီးနှံများကိုလည်း ထုတ်လုပ်နိုင်သည့် ကျေးရွာအဖြစ်လည်း တွေ့ရှိရမည်ဖြစ်ပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်သာရှိသောကြောင့် မြေဆီလွှာများပိုမိုကောင်းမွန်စေရန် ပြုပြင်ပြောင်းလဲရမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၈-၂) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ(ခာတ်ငွေ့၊ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ခက်☐အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ခက်☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | ☒ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ဝါးဘိုးစုကျေးရွာအတွင်းသဘာဝအရင်းအမြစ်များဖြစ်သည့် သဲ၊ ကျောက်စရစ်နှင့် လူတိရစ္ဆာန်တို့အတွက် အသုံးဝင်သော သဘာဝအပင်မျိုးစိတ်များမှာ အနည်းငယ်သာရှိသောကြောင့် အသုံးပြုနိုင်မှုအခြေအနေမှာ ခက်ခဲစွာအသုံးပြုနေကြရပါသည်။ ထို့ကြောင့်လူတိရစ္ဆာန်တို့အတွက် အသုံးဝင်သော သဘာဝသယံဇာတများ ဝိုင်းဝန်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်းလေ့လာတွေ့ရှိရပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များကျေးရွာအတွင်းတွင် မရှိကြောင်းထပ်မံလေ့လာတွေ့ရှိရပါသည်။

**(ဃ)ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ် ရှိသောအိမ် ထောင်စု | မပြေလည် သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၃ | ၇၇ | ၇၉ | ၄၀ |

**ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ဝါးဘိုးစုကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသောအိမ်ထောင်စုမှာ (၁၃)အိမ်သာရှိပြီး အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ (၇၇)အိမ်ထောင်စုရှိပြီး မပြေလည်သောအိမ်ထောင်စုမှာ (၇၉)အိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုမှာ (၄၀)အိမ်ထောင်စုရှိပါသည်။ ကျေးရွာအတွင်းရှိဖွံ့ဖြိုးရေးလုပ်ငန်းများအပြင်ကျေးရွာသူ/သားများ၏စီးပွားရေးနှင့်အသက်မွေးဝမ်းကျောင်း လုပ်ငန်းများလည်း လိုအပ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စုအရေ အတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်းစာဖူ | ၀ | အခြားအစာပြောင်းလဲစား = ၀ |

| အချိန်ကာလ | အိမ်ထောင်စုအရေ အတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| လုံမှု | | အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၇၉ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၃၀<br>ချေးယူ = ၂၀<br>လုပ်အားခကြိုယူ = ၂၉ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၄၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၂၀<br>လုပ်အားခကြိုယူ = ၂၀ |

**ရင်းမြစ်..ဥစ္စာခနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင်ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု (၁၁၉)အိမ်ရှိသည့်အနက် (၁၅)ရာခိုင်နှုန်းမှာ (၃)လအောက်ချေးငှားခြင်းမပြုဘဲ စားသောက်နိုင်ပြီး၊ (၂၅)ရာခိုင်နှုန်းမှာ (၃)လနှင့် (၆)လကြား ဝမ်းစာဖူလုံမှုမရှိသောကြောင့် လုပ်အားခကြိုယူခြင်း၊ ကြွေးချေးယူခြင်းတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန်အတွက် ဖြေရှင်းနေကြရပါသည်။ ပြည်တွင်းပြည်ပသို့ သွားရောက်လုပ်ကိုင်သူများထံမှလည်း ပြန်ပို့ငွေတို့ဖြင့် မှီခိုစားသောက်နေကြရသော အိမ်ထောင်စုများရှိပါသည်။ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့လာလျှင် အိမ်ထောင်စု (၄၀) ရာခိုင်နှုန်းခန့်မှာ အခက်အခဲနှင့်ကြုံတွေ့နိုင်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၈-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖိ၄နှစ်နှင့်အထက် | ၀ | ၀ | ၀ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | ၀ | ၀ | ၀ |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၄၄ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၁၂ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့် အိမ်ထောင်စု | ၀ | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။။လေ့လာတွေ့ရှိချက် - ကျေးရွာအတွင်းကူညီစောင့်ရှောက်မှု အထူးလိုအပ်သောမိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို(၆၄)နှစ်ရှိသူနှင့် မသန်စွမ်းသည့် ပုဂ္ဂိုလ်များ ကျေးရွာတွင် မရှိကြောင်းတွေ့ရှိရပါသည်။ အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စုများလည်း မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စုမှာ (၄၄)အိမ်ထောင်စုရှိပြီး မုဆိုးဖိုတစ်လုလပ်အိမ်ထောင်စုမှာ (၁၂)အိမ်ထောင်စုရှိသောကြောင့် ၎င်းအိမ်ထောင်စုများ၏ စားနပ်ရိက္ခာဖူလုံမှုမှာ များစွာအခက်အခဲရှိကြောင်းနှင့် ငွေကြေးအထောက်အပံ့များလည်း လိုအပ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာအတွင်းရှိထိခိုက်နိုင်သော သဘာဝဘေးအန္တရာယ်များ ကျရောက်တတ်သောအခြေအနေများအနေဖြင့် သဘာဝအရင်းအမြစ်ရှားပါးမှု ရေကြီးခြင်း လူများစည်းကမ်းမဲ့မီးရှို့ခြင်း သစ်ပင်များခုတ်လှဲခြင်းကြောင့် မီးဘေးနှင့်သစ်တောပြုန်းတီးမှုများရှိပြီး စားနပ်ရိက္ခာမဖူလုံမှု တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုများလည်း အနည်းငယ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။အခြားထိခိုက်လွယ်သော သဘာဝဘေးအန္တရာယ်များ ကျေးရွာတွင်မရှိကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။

### (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | မြစ်ကမ်းဘေးနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | မြင့် ☐ လတ် ☑<br>နိမ့် ☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မြင့် ☐ လတ် ☐<br>နိမ့် ☑ မရှိ ☐ |
| ၁၈ | နေရပ်ပြန်အခြေချသူများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐<br>နိမ့် ☐ မရှိ ☑ |
| ၂၀ | ကားမောင်းပြီးအသက်မွေးသူများ | မြင့် ☐ လတ် ☐ |

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| | | နိမ့် ☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင်ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများမှာ အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု ဆင်းရဲသားတောင်သူ လက်လုပ်လက်စား ကျပန်းများ လှည့်လည် သွားလာ၍ ဈေးရောင်းသူများရှိခြင်းကြောင့် ထိုအိမ်ထောင်စုများအဖို့ အလုပ်အကိုင်အခွင့်အလမ်းများ လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး ရပ်မိရပ်ဖအဖွဲ့ | ၁ ☑<br>၂ ☐<br>၃ ☐ | ၂၀ | ၂၀ | ၄၀ | ပညာရေး ☑<br>ငွေကြေး ☐<br>ကျန်းမာရေး ☐<br>ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၂ | ပရဟိတအဖွဲ့ | ၁ ☑<br>၂ ☐<br>၃ ☐ | ၂၃ | ၂၃ | ၄၆ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☑ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၃ | လူငယ်အဖွဲ့ | ၁ ☐<br>၂ ☑<br>၃ ☐ | ၂၄ | ၁၉ | ၄၃ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး၊နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ -ဥပမာ -အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာအတွင်း၌ လူထုအခြေပြု အဖွဲ့အစည်းများဖြစ်သည့် ရပ်မိရပ်ဖ အဖွဲ့၊ ပရဟိတအဖွဲ့နှင့် လူငယ်အဖွဲ့ဟူ၍ အသီးသီးရှိကြပါသည်။ ရပ်မိရပ်ဖအဖွဲ့သည် အဖွဲ့ဝင်ဦးရေ (၂၀)ဦးခန့်ရှိပြီး၊ ပရဟိတအဖွဲ့သည်လည်. အဖွဲ့ဝင်ဦးရေ (၂၃)ဦးခန့်ရှိပါသည်။ ထိုအဖွဲ့အ စည်းများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးနှင့် သာရေးနာရေး လူမှုဖွံ့ဖြိုးရေးလုံခြုံရေးနှင့်ကာကွယ်ရေးလုပ်ငန်းများ ကိုလုပ်ကိုင်ဆောင်ရွက် လျှက်ရှိပါသည်။ လူငယ်အဖွဲ့တွင် အဖွဲ့ဝင်ဦးရေ (၄၃)ဦးခန့်ရှိပြီး အဖွဲ့အစည်းအနေဖြင့် ကျေးရွာ၏သာရေးနာရေးနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းတက်ကြွစွာ လုပ်ကိုင်ဆောင်ရွက်နေကြပါသည်။ ထိုအဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှု အသင့်အတင့်ရှိကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်း တာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | UNDP | ၁ ☐ ၂ ☐ ၃ ☑ ၄ ☐၅ ☐ ၆ ☐ ၇ ☐ | ပညာရေး☐ ငွေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး ၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | ဖူလတံ | ၁ ☐ ၂ ☐ ၃ ☑ ၄ ☐၅ ☐ ၆ ☐ ၇ ☐ | ပညာရေး☐ ငွေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး ၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | We Do For Myanmar | ၁ ☐၂ ☐ ၃ ☑ ၄ ☐၅ ☐ ၆ ☐ ၇ ☐ | ပညာရေး☑ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး ၊ လူမှုဖွံ့ဖြိုးရေး ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာအတွင်းကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမှာ UNDPအဖွဲ့၊ ဖူလတံအဖွဲ့နှင့် We Do For Myanmarအဖွဲ့ဟူ၍ အသီးသီး ရှိကြပါသည်။ UNDPအဖွဲ့နှင့် ဖူလတံအဖွဲ့ အစည်းအနေဖြင့် ကျေးရွာအတွင်း ငွေကြေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်We Do For Myanmar အဖွဲ့အစည်းအနေဖြင့် ပညာရေး၊ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ထိုအဖွဲ့အစည်းများ၏ စွမ်း ဆောင်ရည်မှာ အသင့်အတင့်သာ ရှိသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးတိုးတက်မှုမှာ နှောင့်နှေးနေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၉၀ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် | ၆၉ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကကြား | ၃၂ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | ၁၆ | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် | ၂ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း** | | ၂၀၉ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ဝါးဘိုးစုကျေးရွာအတွင်း မြေယာပိုင်ဆိုင်မှုအခြေအနေမှာ မြေယာမဲ့အိမ်ထောင်စုသည် (၉၀)အိမ်ထောင်စုရှိပြီး ၂.၅ဧကရှိသော ဆင်းရဲသားအိမ်ထောင်စုမှာ (၆၉)အိမ်ထောင်စုရှိပါသည်။ ၂.၅ ဧကမှ ၅ ဧကကြားရှိ အိမ်ထောင်စုမှာ (၃၂)အိမ်ထောင်စုရှိပြီး အလယ်အလတ်တန်းစား အိမ်ထောင်စုမှာ (၁၆)အိမ်ထောင်စုရှိပါသည်။ ၁၂.၅ ဧကအထက်ရှိသော အိမ်ထောင်စုမှာ (၂)အိမ်ထောင်စုသာရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ကျေးရွာအတွင်း၌ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများပြားသည့်အတွက် ရန်ပုံငွေနှင့် အခြားအလှူရှင်များ လိုအပ်လျှက်ရှိကြောင်းလည်း လေ့လာတွေ့

ရှိရပါသည်။

## (၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

**ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☑ |
| ၂ | ရေလွှဲဆည် | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☑ |
| ၃ | မြစ်ရေတင်စီမံကိန်း | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☑ |
| ၄ | ရေသွင်းမြောင်း | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☑ |
| ၅ | အဝီစိတွင်း | ၂၈၀.၀၀ | တစ်နှစ်ပတ်လုံး ☑<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☑ |
| ၆ | လက်ငင်ရေတွင်း | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☑ |

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၇ | စိမ့်စမ်းရေ | ၀.၀၀ | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☑ |
| ၈ | ချောင်းရေ | ၉၆.၁၀ | တစ်နှစ်ပတ်လုံး ☑<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☐<br>မရှိ ☐<br>မဖြေဆိုပါ☑ |

**ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာ၏ရေအရင်းအမြစ်သည် အဝိစိတွင်းနှင့် ချောင်းရေများတွင်သာရရှိပြီး အဝိစိတွင်း၏သောက်ရေဧကမှာ(၂၈၀)ဧကရှိပြီး ချောင်းရေ၏ရေသောက်ဧက ၉၆.၁ဧက ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | သီးနှံ စိုက်ပျိုးသည့်ကာလ | | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ် ရရှိနိုင်မှု(မှန်ရာ တစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| သင်ခြံ | ၂၈၆ | မှတ် | ၃၀၀ | ၃၆၀ | ၃၃၀ | ဇန်နဝါရီ | ဧပြီ | မြင့်☐ လတ်☑ နိမ့်☐ | မြင့်☐ လတ်☑ နိမ့်☐ |
| ပဲ | ၂၀ | တင်း | ၈ | ၇ | ၇.၅ | နိုဝင် | ဖေ | မြင့်☐ လ | မြင့်☐ လတ်☑ |

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | သီးနှံ စိုက်ပျိုးသည့်ကာလ | | | သွင်းအားစု လိုအပ်ချက် (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အမြတ် ရရှိနိုင်မှု(မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| | | | | | | ဘာ | ဖော်ဝါရီ | တ်☑ နိမ့်☐ | နိမ့်☐ |
| ပြောင်း | ၁၀ | တင်း | ၅၀ | ၇၀ | ၆၀ | နိုဝင်ဘာ | ဖေဖော်ဝါရီ | မြင့်☐ လတ်☑ နိမ့်☐ | မြင့်☐ လတ်☑ နိမ့်☐ |
| သခွါး | ၁၀ | တင်း | ၄၀ | ၆၀ | ၅၀ | စက်တင်ဘာ | နိုဝင်ဘာ | မြင့်☐ လတ်☑ နိမ့်☐ | မြင့်☐ လတ်☑ နိမ့်☐ |
| စပါး | ၅၀ | တင်း | ၇၀ | ၉၀ | ၈၀ | နိုဝင်ဘာ | ဖေဖော်ဝါရီ | မြင့်☐ လတ်☑ နိမ့်☐ | မြင့်☐ လတ်☑ နိမ့်☐ |
| | | | | | | | | မြင့်☐ လတ်☐ နိမ့်☐ | မြင့်☐ လတ်☐ နိမ့်☐ |

**ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာအတွင်း စိုက်ပျိုးနေကြသော စိုက်ပျိုးသီးနှံများမှာ စပါး၊ ပဲ၊ ပြောင်း၊ သခွါးစသည့် သီးနှံများဖြစ်ပါသည်။ သီးနှံ အထွက်နှုန်းမှာ စပါးတစ်ဧကလျှင် ပျဉ်းမျှ (၈၀)တင်းခန့်ရှိပါသည်။ ပဲဖြူသီးနှံအထွက်နှုန်းမှာ ပျဉ်းမျှ (၇၀)တင်းခန့်ထွက်ရှိပြီး ပြောင်းသီးနှံအထွက်နှုန်းမှာ ပျဉ်းမျှ (၆၀)တင်း ခန့်ထွက်ရှိပါသည်။ သခွါးမှာမူ ပျဉ်းမျှ (၅၀)တင်းခန့်ထွက်ရှိပါသည်။ ထို့ကြောင့် ကုန်းစည်များဈေးကွက်သို့ အချိန်မီ ရောက်ရှိနိုင်စေရေးအတွက် ကျေးရွာအတွင်း၌ ရွာတွင်းလမ်းများသည် မိုးရာသီကာလများအတွင်း ပျက်စီးဆုံး

ရှုံးမှုများရှိသောကြောင့် ထုတ်ကုန်များအချိန်မီမရောက်ရှိဘဲ မိသားစုစီးပွားရေးများ အခက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄) လယ်ယာသုံး စက်ကိရိယာများ

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၂ | ၀ | ၀ | ၁၃ |
| လက်တွန်းထွန်စက် | ၈ | ၀ | ၀ | ၅ |
| အစေ့ချကိရိယာ | ၂ | ၀ | ၀ | ၁ |
| ရိတ်သိမ်းခြွေလှေ့စက် | ၀ | ၀ | ၁ | ၆ |
| ရိတ်သိမ်းစက် | ၀ | ၀ | ၁ | ၁ |
| ခြွေလှေ့စက် | ၃ | ၀ | ၀ | ၁၁ |
| ရေစုပ်စက် | ၅၀ | ၀ | ၀ | ၁၁ |
| ခြေနင်းရေတင်စက် | ၇ | ၀ | ၀ | ၀ |
| မြက်ရိတ်စက် | ၃၂ | ၀ | ၀ | ၁၀ |

**ရင်းမြစ်**... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှုတွင် ထွန်စက်၊ လက်တွန်းထွန်စက်၊ အစေ့ချကိရိယာ၊ ခြွေလှေ့စက်၊ ရေစုပ်စက်၊ ခြေနင်းရေတင်စက်နှင့် မြက်ရိတ်စက် အစရှိသည်တို့ကို တစ်ဦးချင်းပိုင်ဆိုင်သည့် အရေအတွက်မှာ (၁၀၄)ရှိပါသည်။ စိုက်ပျိုးရေးသုံးကိရိယာများကို ငှားရမ်းလုပ်ကိုင်နေသော အရေအတွက်မှာ (၅၈)ဦးရှိကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

## (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

**ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br><br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐ |
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐ |
| စိုက်ပျိုးရေအရင်းအမြစ် | ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည်☐ ရသည်☑ မဖခြ်ဆိုပါ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေသြဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေသြဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐ |

**ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာအတွင်းသီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများဖြစ်သည့် သဘာဝရေမြေရာသီဥတု အနေအထား၊ လယ်ယာမြေအသုံးချနိုင်မှုနှင့် စိုက်ပျိုးရေအရင်းအမြစ်များဖြစ်သည့် အသင့်အတင့်သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကို ရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☑ မဖြေဆိုပါ☐ |
| လယ်ယာမြေအသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑ လယ်ယာမြေဆုံးရှုံးမှုများသည်☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☐ |
| စိုက်ပျိုးရေအရင်းအမြစ် | အလွယ်တကူမရနိုင်☐ လုံးဝမရ☑ မဖြေဆိုပါ☐ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင်☐ လုံးဝမရ☑ မဖြေဆိုပါ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | အလွယ်တကူမရနိုင်☐ လုံးဝမရ☑ မဖြေဆိုပါ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | အလွယ်တကူမရနိုင်☐ လုံးဝမရ☑ မဖြေဆိုပါ☐ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ | အလွယ်တကူမရနိုင်☐ လုံးဝမရ☑ မဖြေဆိုပါ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင်☐ လုံးဝမရ☑ မဖြေဆိုပါ☐ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူမရနိုင်☐ လုံးဝမရ☑ မဖြေဆိုပါ☐ |

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br><br>(<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကို ရွေးရန်။) |
|---|---|
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☑ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ☐ မဖြေဆိုပါ☐ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☑ အနည်းငယ်☐ မဖြေဆိုပါ☐ |

**ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာအတွင်းသီးနှံထုတ်လုပ်ရန်အတွက် အခက်အခဲများမှာ သဘာဝရေမြေရာသီဥတု အနေအထားအရ မြေဆီသြဇာမကောင်းခြင်း၊ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု၊ နည်းပညာဝန်ဆောင်မှုများအလွယ်တကူမရနိုင်ခြင်းကြောင့် သီးနှံများထွက်ရှိမှုနှုန်း နည်းပါးနေကြောင်းလေ့လာတွေ့ရှိရပါသည်။ သီးနှံဈေးကွက်တွင် သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာ မရောင်းချနိုင်သောကြောင့် အမက်အခဲများစွာရှိနေပါသည်။ သီးနှံများလွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာ မရောင်းချနိုင်ခြင်းမှာ လမ်းပန်းဆက်သွယ်ရေးမကောင်းသောကြောင့် သီးနှံများဈေးကွက်သို့ အချိန်မီမရောက်ခြင်းကြောင့် ဖြစ်နိုင်ခြေရှိသည်ဟု သုံးသပ်မိပါသည်။

**(ခ-၂) မွေးမြူရေးလုပ်ငန်း**

**(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ**

**ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၀ | ၀ |
| နို့စားနွား | ၀ | ၀ |
| ကျွဲ | ၀ | ၀ |
| မြင်း | ၀ | ၀ |

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| မြည်း | ၀ | ၀ |
| လား | ၀ | ၀ |
| ဆိတ် | ၁ | ၅ |
| သိုး | ၀ | ၀ |
| ဝက် | ၂၄ | ၃၇ |
| ကြက် | ၁၂ | ၇၀၂ |
| ဘဲ | ၂၆ | ၁၄၇ |
| နွားနောက် | ၀ | ၀ |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | ၀ | ၀ |
| ပုဇွန်ကန် | ၀ | ၀ |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | ၀ | ၀ |
| ရေချိုငါးဖမ်းလုပ်ငန်း | ၆ | ၆၀၀၀၀ |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | ၀ | ၀ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာအတွင်း၌တစ်ပိုင်တစ်နိုင်မွေးမြူရေးနှင့် ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူ အနည်းငယ်သာရှိပါသည်။ ကျန်မွေးမြူရေးလုပ်ငန်းများဖြစ်သည့် ဆိတ်၊ ဝက်၊ ကြက်၊ ဘဲစသည့် လုပ်ငန်းများအား ကျေးရွာရှိအိမ်ထောင်စုတိုင်းအနေဖြင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးစနစ်သာ မွေးမြူကြပါသည်။ ကျန်ရှိသောတိရစ္ဆာန်များအနေဖြင့် ကျေးရွာတွင် မွေးမြူထားခြင်းမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/<br>ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ပေါများ☐ အသင့်အတင့်☐ မဖြေဆိုပါ☑ |
| ရေရရှိမှု | အလုံအလောက်ရနိုင်☐ အသင့်အတင့်ရနိုင်☑ မဖြေဆိုပါ☐ |
| မျိုးတိရစ္ဆာန်လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်☐ မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်☑ မဖြေဆိုပါ☐ |
| ဈေးငွေ | ဈေးငွေလွယ်ကူစွာရနိုင်☐ ဈေးငွေအသင့်အတင့်ရနိုင်☑ မဖြေဆိုပါ☐ |
| သွင်းအားစု (မွေးမြူရေးအစာ၊ဆေးစသည်)ဈေးကွက် | သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐ သွင်းအားစုများဝယ်ယူနိုင်သည်☑ မဖြေဆိုပါ☐ |
| ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။☐ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။☑ မဖြေဆိုပါ☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ ထုတ်ကုန်များကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐ |
| အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု | အလုံအလောက်ရှိသည်☐ အသင့်အတင့်ရှိသည်☑ မဖြေဆိုပါ☐ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန်ရေမြေအနေအထား | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐ |
| ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု | လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐ |
| ဈေးငွေ | လိုသလောက်လွယ်ကူစွာဈေးငွေရရှိနိုင်သည်☐ ဈေးငွေရနိုင်သည်☑ မဖြေဆိုပါ☐ |
| သွင်းအားစုလက်လှမ်းမီမှု | သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐ သွင်းအားစုများဝယ်ယူနိုင်သည်☑ |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| | မဖြေဆိုပါ☐ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။☐ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။☑ မဖြေဆိုပါ☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ ထုတ်ကုန်များကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐ |
| ငါးဖမ်းခွင့်ရရှိနိုင်မှု | လွယ်ကူသည်☐ အသင့်အတင့်လွယ်ကူသည်☑ မဖြေဆိုပါ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာအတွင်းမွေးမြူရေးအတွက် လိုအပ်သည့်မျိုးကောင်းတိရစ္ဆာန်များ၊ သွင်းအားစုများ၊ နည်းပညာဝန်ဆောင်မှုများရရှိနိုင်သော်လည်း ရင်းနှီးလုပ်ကိုင်ရန် ငွေကြေးအလုံအလောက်မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန် ကျေးရွာအတွင်းသို့ ချေးငွေငွေကြေးဝန်ဆောင်မှုများ လာရောက်ပံ့ပိုးနိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများစွာ တိုးတက်နိုင်မည်ဖြစ် ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

**ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေများပါးသည်☐ စားကျက်မြေလုံးဝမရှိပါ☑ မဖြေဆိုပါ☐ |
| ရေရရှိမှု | ရေရှားပါးသည်☑ ရေလုံးဝမရှိပါ☐ မဖြေဆိုပါ☐ |
| မျိုးတိရစ္ဆာန်လက်လှ | မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူမရနိုင်ပါ☑ မျိုးကောင်းတိရစ္ဆာန်များလုံ |

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| မ်းမီမှု | းဝဝယ်ယူမရပါ☐ မဖြေဆိုပါ☐ |
| ချေးငွေ | ချေးငွေလွယ်ကူစွာမရနိုင်ပါ☑ ချေးငွေလုံးဝမရပါ☐ မဖြေဆိုပါ☐ |
| သွင်းအားစု (မွေးမြူရေးအစာ၊ဆေးစသည်) ဈေးကွက် | သွင်းအားစုများလွယ်ကူစွာဝယ်ယူမရနိုင်ပါ☑ သွင်းအားစုများလုံးဝဝယ်ယူမရပါ☐ မဖြေဆိုပါ☐ |
| ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူမရနိုင်ပါ☑ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများမရပါ☐ မဖြေဆိုပါ☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☑ ထုတ်ကုန်များကိုမရောင်းချနိုင်ပါ☐ မဖခြေဆိုပါ☐ |
| အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု | အလုံအလောက်မရှိပါ☑ လုံးဝမရှိပါ☐ မဖြေဆိုပါ☐ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန်ရေမြေအနေအထား | ရေမြေအနေအထားမကောင်းပါ☑ မဖြေဆိုပါ☐ |
| ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု | လိုသလောက်လွယ်ကူစွာဝယ်ယူမရပါ☑ လုံးဝဝယ်ယူမရပါ☐ မဖြေဆိုပါ☐ |
| ချေးငွေ | လိုသလောက်လွယ်ကူစွာချေးငွေမရပါ☑ လုံးဝချေးငွေမရပါ☐ မဖြေဆိုပါ☐ |
| သွင်းအားစုလက်လှမ်းမီမှု | သွင်းအားစုများလွယ်ကူစွာဝယ်ယူမရပါ☑ သွင်းအားစုများဝယ်ယူမရပါ☐ မဖြေဆိုပါ☐ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူမရပါ☑ နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများမရပါ☐ မဖခြေဆိုပါ☐ |
| ထုတ်ကုန်ရောင်းဝယ်မှု | ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☑ ထုတ်ကုန်များကိုလုံးဝမရောင်းချနိုင်ပါ☐ မဖြေဆိုပါ☐ |
| ငါးဖမ်းခွင့်ရရှိနိုင်မှု | မလွယ်ကူပါ☐ မဖြေဆိုပါ☑ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာအတွင်း မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်သာတွေ့ရှိရပါသည်။ မွေးမြူရေးနှင့် ငါးလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်သာတွေ့ရှိရပါသည်။ မွေးမြူရေးနှင့်ငါးလုပ်ငန်းအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ချေးငွေများ၊ အလွယ်တကူ မရနိုင်သောကြောင့် ကျေးရွာအတွင်း နည်းပညာဝန်ဆောင်မှုနှင့် ပံ့ပိုးမှုများလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

**(၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ**

**ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၂နှင့်၂၃ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| လုပ်သားအင်အားရရှိနိုင်မှု | များ☐ အသင့်အတင့်☑ မဖြေဆိုပါ☐ |
| လယ်ယာသားငါးထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များကိုရောင်းချရန် ဈေးကွက်ရှိခြင်း | ဈေးကွက်ကောင်းရှိသည်☐ ဈေးကွက်အသင့်အတင့်☑ မဖြေဆိုပါ☐ |
| ဈေးကွက်ဆိုင်ရာအသိအမြင်ရှိခြင်း | ဈေးကွက်အခြေအနေကိုကောင်းစွာနားလည်သိရှိသည်☐ အသင့်အတင့်နားလည်သည်☑ မဖြေဆိုပါ☐ |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | ကောင်း☐ သင့်☑ မဖြေဆိုပါ☐ |
| ကုန်ကြမ်းရရှိနိုင်ခြင်း | ပေါများ☐ သင့်☑ မဖြေဆိုပါ☐ |
| လျှပ်စစ်မီးရရှိနိုင်ခြင်း | ကောင်း☐ သင့်☐ မဖြေဆိုပါ☑ |
| ချေးငွေရရှိနိုင်ခြင်း | လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည်☐ ချေးငွေရနိုင်သည်☑ မဖြေဆိုပါ☐ |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့် အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုရရှိခြင်း | နည်းပညာနှင့်အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။☐ နည်းပညာနှင့်အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။☑ မဖြေဆိုပါ☐ |

| အခွင့်အလမ်း | **ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၂နှင့်၂၃ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)** |
|---|---|
| အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော (သို့မဟုတ်)အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကိုတတ်မြောက်ခြင်း | ကျွမ်းကျင်စွာတတ်မြောက်သည်☐ အသင့်အတင့်☑ မဖြေဆိုပါ☐ |
| အလုပ်အကိုင်အခွင့်အလမ်း | များ☐ အသင့်အတင့်☑ မဖြေဆိုပါ☐ |

**ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း -ရပ်မိရပ်ဖအုပ်စု၊စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူအုပ်စု၊လူငယ်အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင်စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက်လုပ်သားအင်အား၊ ထွက်ကုန်များကိုရောင်းချနိုင်ရန် ဈေးကွက်များ၊ ချေးငွေရရှိနိုင်မှု အခြေအနေများ အသင့်အတင့် ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာအတွင်းလျှပ်စစ်မီးနှင့် လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်စွာပြုပြင်နိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်နိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

**(၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ**

**ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက် အခဲများ**

| **ပြဿနာနှင့်အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်**(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| လုပ်သားအင်အားရရှိနိုင်မှု | ရှားပါး☑ လုံးဝမရှိ☐ မဖြေဆိုပါ☐ |
| လယ်ယာသားငါးထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များကိုရောင်းချရန်ဈေးကွက်ရှိခြင်း | ဈေးကွက်မကောင်း☑ ဈေးကွက်မရှိ☐ မဖြေဆိုပါ☐ |
| ဈေးကွက်ဆိုင်ရာအသိအမြင်ရှိခြင်း | ဈေးကွက်အခြေအနေကိုကောင်းစွာနားမလည်☑ လုံးဝနားမလည်☐ မဖြေဆိုပါ☐ |

| ပြဿနာနှင့်အခက်အခဲများ | **ဖော်ပြချက်/**<br>**ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၂ ဝနှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ် ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | ညံ့☑ အလွန်ညံ့☐ မဖြေဆိုပါ☐ |
| ကုန်ကြမ်းရရှိနိုင်ခြင်း | ကုန်ကြမ်းရရှိမှုနည်းသည်☐ ကုန်ကြမ်းမရှိပါ☐ မဖြေဆိုပါ☑ |
| လျှပ်စစ်မီးရရှိနိုင်ခြင်း | ပုံမှန်မရပါ☐ လုံးဝမရပါ☑ မဖြေဆိုပါ☐ |
| ဈေးငွေရရှိနိုင်ခြင်း | လိုသလောက်လွယ်ကူစွာဈေးငွေမရရှိပါ☐ ဈေးငွေမရပါ☐ မဖြေဆိုပါ☑ |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့် အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုး တက်မှုဆိုင်ရာဝန်ဆောင်မှုရရှိခြင်း | နည်းပညာနှင့်အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူမရပါ☑ နည်းပညာ နှင့်အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန် ဆောင်မှုများလုံးဝမရပါ☐ မဖြေဆိုပါ☐ |
| အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းပြုနိုင်သောပညာတစ် ခုခုကိုတတ်မြောက်ခြင်း | ကျွမ်းကျင်စွာတတ်မြောက်ခြင်းမရှိ☐ လုံးဝမတတ်☑ မဖြေဆိုပါ☐ |
| အလုပ်အကိုင်အခွင့်အလမ်း | အလုပ်အကိုင်အခွင့်အလမ်းနည်း☑ အလုပ်အကိုင်အခွင့်အ လမ်းမရှိ☐ မဖြေဆိုပါ☐ |

**ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း** -
**ရပ်မိရပ်ဖအုပ်စု၊စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူအုပ်စု၊လူငယ်အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာအတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ရွာသူ/သားများ၏ဈေးကွက်ဆိုင်ရာ အသိအမြင်များမရှိခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများကို ကျွမ်းကျင်စွာ တတ်မြောက်မှုမရှိသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးနေပါသည်။ ကျေးရွာအတွင်းသို့ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ရွှေ့ပြောင်းလုပ်သားများ

(ဂ-၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စုအရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | "ရွှေ့ပြောင်းသွားလာနေထိုင်သူ" တစ်ဦးအနည်းဆုံးရှိသောအိမ်ထောင်စုနှင့်လူဦးရေ | ၀ | ၃၆ | ၂၀ | ၅၆ | ၂၉ | ၉ | ၃၈ | ၆၅ | ၂၉ | ၉၄ |
| ၂ | ကျေးရွာပြင်ပသို့ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃လအထိ | | ၁၁ | ၄ | ၁၅ | ၂ | ၀ | ၂ | ၁၃ | ၄ | ၁၇ |
| | ၆လအထိ | | ၈ | ၁ | ၉ | ၁ | ၀ | ၁ | ၉ | ၁ | ၁၀ |
| | ၁၂လအထိ | | ၂ | ၄ | ၆ | ၃ | ၀ | ၃ | ၅ | ၄ | ၉ |
| | ၁၂လအထက် | | ၁၅ | ၁၁ | ၂၆ | ၂၃ | ၉ | ၃၂ | ၃၈ | ၂၀ | ၅၈ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။

။ရွှေ့ပြောင်းသွားလာခြင်း၏တရားဝင်မှုမဝင်မှု၊ရွှေ့ပြောင်းသွားလာသူ၏သဘောဆန္ဒပါမှုမပါမှုစသည်ဖြင့်မခွဲခြားဘဲ၊ကြာမြင့်ချိန်အနည်းအများမကန့်သတ်ဘဲ၊မည်သည့်အကြောင်းအရင်းကြောင့်ရွှေ့ပြောင်းသွားလာရသည်ဖြစ်စေကာမူမူလဌာနေဒေသတစ်ခုမှနိုင်ငံခြားသို့ဖြစ်စေ၊ပြည်တွင်းတစ်နယ်တစ်ကြေးသို့ဖြစ်စေရွှေ့ပြောင်းသွားလာနေထိုင်သူတိုင်းကို **"ရွှေ့ပြောင်းသွားလာနေထိုင်သူ"**
ဟုသတ်မှတ်သည်။နိုင်ငံတော်တာဝန်၊အဖွဲ့အစည်းတာဝန်ဖြင့်ရွှေ့ပြောင်းအခြေချနေရသူများသည်လည်း ဤဇယားတွင်အကျုံးဝင်ပါသည်။သားသမီးနှင့်ဆွေမျိုးများထံတွင်ခိုလှုံရန်၊မှီခိုရန်သွားရောက်အခြေချနေသော၊ကျန်းမာရေးအရအမြဲတမ်းရွှေ့ပြောင်းနေထိုင်သောပုဂ္ဂိုလ်များသည်ဤဇယားတွင်အကျုံးဝင်ပါသည်။ခေတ္တပညာသွားရောက်သင်ကြားနေသူများ၊ခေတ္တကျန်းမာရေးကုသမှုခံယူနေသူများသည်ဤဇယားတွင်အကျုံးမဝင်ပါ။ယခင်ကရွှေ့ပြောင်းသွားလာနေထိုင်ခဲ့စေကာမူယခုလက်ရှိကာလတွင်မူလဌာနေတွင်ပြန်လည်အခြေချနေထိုင်လျှက်ရှိသူများသည်ဤဇယားတွင်အကျုံးမဝင်ပါ။ယခုလတ်တလောတွင်ခရီးယာယီသွားနေသူများသည်လည်းဤဇယားတွင်အကျုံးမဝင်ပါ။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာအတွင်းရွှေ့ပြောင်းသွားလာ လုပ်ကိုင်သူအိမ်ထောင်စုအရေအတွက်မှာ (၅၈)အိမ်ထောင်စုရှိပါသည်။ ပြည်တွင်းပြည်ပသို့သွားရောက်လုပ်ကိုင်သူဦးရေမှာ (၉၄)ဦးရှိနေကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။ ထိုသို့ပြောင်းရွှေ့သွားလာလုပ်ကိုင်နေကြသော ရွာသူ၊ ရွာသားများ စားနပ်ရိက္ခာဖူလုံရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကောင်းမွန်စေရန် ကျေးရွာတွင်အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးရန်လိုအပ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

## (ဂ-၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

**ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း**

| စဉ် | အကြောင်းရင်း | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သောအလုပ်အကိုင်နှင့်ဝင်ငွေအခွင့်အလမ်းများရှာဖွေရန် | ၆၁ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သောအကြောင်းရင်း | ၀ |
| ၃ | ဒေသတွင်းပဋိပက္ခဖြစ်ပွားမှုကြောင့်လုံခြုံမှုမရှိသည့်အကြောင်းရင်း | ၀ |
| ၄ | လူမှုရေး၊ကျန်းမာရေးကိစ္စများကြောင့် (social protection, health) | ၀ |
| ၅ | အမျိုးအမည်ခွဲခြားမဖော်ပြနိုင် (သို့မဟုတ်) အကြောင်းအရင်းကိုဖြေဆိုထားခြင်း/ ဖြေဆိုလိုခြင်းမရှိ | ၃၃ |

**ရင်းမြစ်...အိမ်ထောင်စုစာရင်းကောက်ယူမှု။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ဝါးဘိုးစုကျေးရွာအတွင်း ပြည်တွင်းပြည်ပသို့ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်းမှာ ပိုမိုကောင်းမွန်သောအလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ ရှာဖွေရန် သွားရောက်လုပ်ကိုင်သူဦးရေ (၆၁)ဦးရှိပြီး အခြားအကြောင်းကြောင့် သွားရောက်လုပ်ကိုင်သူဦးရေ (၃၃)ဦးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဂ-၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စုအရေအတွက် | | | |
|---|---|---|---|---|---|
| | | စုစုပေါင်း | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကိုမှီခိုနေရသောအိမ်ထောင်စုအရေအတွက် | ၅၈ | ၁ | ၂၈ | ၂၉ |
| ၂ | ပြန်ပို့ငွေလမ်းကြောင်းများ | | | | |
| | က။ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | ဝ | ☒ | | |
| | ခ။ဘဏ် | ၄၈ | | | |
| | ဂ။လူကြုံဖြင့်လွှဲပို့ခြင်း | ၁ဝ | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာအတွင်းရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေကိုမှီခိုနေရသော အိမ်ထောင်စုအရေအတွက်မှာ (၅၈)အိမ်ထောင်စုရှိသည့်အနက် ပြန်ပို့ငွေအမြင့်ဆုံးမှီခိုနေရသော အိမ်ထောင်စုမှာ (၁)အိမ်ထောင်စုသာရှိပြီး အလယ်အလတ်မှီခိုနေရသောအိမ်ထောင်စုမှာ(၂၈)အိမ်ထောင်စုနှင့် အနိမ့်ဆုံးမှီခိုနေရသော အိမ်ထောင်စုမှာ(၂၉)အိမ်ထောင်စုရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ ပြန်ပို့ငွေလမ်းကြောင်း များမှာဘဏ်နှင့် ငွေလွှဲသည့် အိမ်ထောင်စု(၄၈)အိမ်ထောင်စုရှိပြီး၊ လူကြုံဖြင့်လွှဲပို့သည့် အိမ်ထောင်စု(၁ဝ) အိမ်ထောင်စုရှိကြောင်းလည်း လေ့လာ တွေ့ရှိရပါသည်။

(ဃ)ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး<br>(အနီးဆုံးတစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက်<br>(အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | | |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံးတစ်ခုကိုခန့်မှန်းပြီးရွေးချယ်ရန်) | ဝမှ၁မိုင်☐ ၁မှ၅မိုင်☐ ၅မှ၁ဝမိုင်☑ ၁ဝမှ၁၅မိုင် ☐၁၅မိုင်အထက်☐ | ဝမှ၁ဝမိုင်☐ ၁၁မှ၂ဝမိုင်☐ ၂၁မှ၃ဝ မိုင်☐ ၃ဝမှ၅ဝမိုင်☐ ၅၁မှ၁ဝဝ☑ ၁ဝဝမိုင်အထက်☐ |
| သယ်ယူပို့ဆောင်ရေးနည်းလမ်း | ခြေလျင်☐စက်ဘီး☐ ဆိုင်ကယ်☐ ကား/ထော်လာဂျီ☑ ရထား☐သုံးဘီးဆိုင်ကယ်☐ လှေ☐ စက်လှေ☑ | ခြေလျင်☐စက်ဘီး☐ဆိုင်ကယ်☐ ကား/ထော်လာဂျီ☑ ရထား☐သုံးဘီးဆိုင်ကယ်☐ လှေ☐ စက်လှေ☑ |

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး<br>(အနီးဆုံးတစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက်<br>(အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ကုန်စည်နှင့်ဝန်ဆောင်မှုရရှိနိုင်မှု(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စားသောက်ကုန် (ကုန်စိမ်း၊ကုန်ခြောက်) ☑ မီးဖိုချောင်သုံးနှင့်အိမ်သုံးပစ္စည်း☑ အဝတ်အထည် ☑ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ☑ ပစ္စည်းစုံဝန်ဆောင်မှုစုံရနိုင်☑ | စားသောက်ကုန် (ကုန်စိမ်း၊ကုန် ခြောက်) ☑ မီးဖိုချောင်သုံးနှင့်အိမ်သုံးပစ္စည်း☑ အဝတ်အထည်☑ ဆောက်လုပ်ရေးပစ္စည်းများ၊ပရိဘောဂများ☑ ပစ္စည်းစုံဝန်ဆောင်မှုစုံရနိုင်☑ |
| ဈေးအခြေခံအဆောက်အဦ | ကောင်း☐ သင့်☑ ညံ့☐ | ကောင်း☐ သင့်☑ ညံ့☐ |
| ဝန်ဆောင်မှု | ကောင်း☐ သင့်☑ ညံ့☐ | ကောင်း☐ သင့်☑ ညံ့☐ |

**ရင်းမြစ်ဦးတည်အုပ်စုဆွေးနွေးခြင်း -ရပ်မိရပ်ဖအုပ်စု၊လယ်သမားအုပ်စု၊အမျိုးသမီးအုပ်စု၊စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာအတွင်းကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်မှာ အနီးဆုံးဈေးကွက်အနေဖြင့် ပန်းတနော်မြို့နယ် မြို့မဈေးကိုသာအသုံးပြုကြရပါသည်။ မြို့မဈေးသို့သွားရောက်ရာတွင် အကွာအဝေးအားဖြင့် (၅)မိုင်မှ (၁၅)မိုင်အထိသွားရပြီး၊ သယ်ယူပို့ဆောင်ရေးမှာ ကား၊ ထော်လာဂျီဖြင့် သွားလာအသုံးပြုနေကြရပါသည်။ အကြီးစားဈေးကွက်မှာ ရန်ကုန်မြို့သို့သွားရောက်ကြရပြီး အကွာအဝေးအားဖြင့် (၅၁)မိုင်မှ (၁၀၀)မိုင်အထိရှိပြီး သယ်ယူပို့ဆောင်ရေးတွင် ကားများကိုအသုံးပြုနေကြရ ကြောင်းလေ့လာတွေ့ရှိရ ပါသည်။

## (င)ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
## ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း

| ချေးငွေရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှုအမျိုးအစား | ပြန်လည်ပေးဆပ်ရမည့်ကာလ | အတိုးနှုန်း(လ) | အပေါင်ခံပစ္စည်းလိုအပ်မှု | ချေးငွေရရန်အခက် အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်/ မြန်မာ့စီးပွားရေးဘဏ်) | ကာလတိုချေးငွေ ☐ ကာလလတ်ချေးငွေ☐ ကာလရှည်ချေးငွေ☐ | ၃-၆လအတွင်း ☐ ၆လမှတစ်နှစ်ထိ☐ တစ်နှစ်နှင့်အထက်☐ | အတိုးမဲ့☐ ၁မှ၂%☐ ၂မှ၅%☐ ၅မှ၁၀% ၁၀% | လိုအပ်သည် ☐ မလိုအပ်ပါ☐ | နည်းသည်☐ ရှိသည်☐ မရှိပါ☐ |

| ချေးငွေရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှုအမျိုးအစား | ပြန်လည်ပေးဆပ်ရမည့်ကာလ | အတိုးနှုန်း (လ) | အပေါင်ခံပစ္စည်းလိုအပ်မှု | ချေးငွေရရန်အခက် အခဲများ |
|---|---|---|---|---|---|
| | | | ထက်☐ | | |
| သမဝါယမချေးငွေ | ကာလတိုချေးငွေ ☐ ကာလလတ်ချေးငွေ☐ ကာလရှည်ချေးငွေ☐ | ၃-၆လအတွင်း ☐ ၆လမှတစ်နှစ်ထိ☐ တစ်နှစ်နှင့်အထက်☐ | အတိုးမဲ့☐ ၁မှ၂% ☐ ၂မှ ၅% ☐ ၅မှ ၁၀ % ☐ ၁၀ % ထက်☐ | လိုအပ်သည် ☐ မလိုအပ်ပါ☐ | နည်းသည်☐ရှိသည်☐မရှိပါ☐ |
| ပုဂ္ဂလိကဘဏ် | ကာလတိုချေးငွေ ☐ ကာလလတ်ချေးငွေ☐ ကာလရှည်ချေးငွေ☐ | ၃-၆လအတွင်း ☐ ၆လမှတစ်နှစ်ထိ☐ တစ်နှစ်နှင့်အထက်☐ | အတိုးမဲ့☐ ၁မှ၂%☐ ၂မှ၅%☐ ၅မှ၁၀% ☐၁၀%ထက် ☐ | လိုအပ်သည် ☐ မလိုအပ်ပါ☐ | နည်းသည်☐ ရှိသည်☐ မရှိပါ☐ |
| ပုဂ္ဂလိကအသေးစားချေးငွေဝန်ဆောင်မှုကဏ္ဍ | ကာလတိုချေးငွေ ☐ ကာလလတ်ချေးငွေ☐ ကာလရှည်ချေးငွေ☐ | ၃-၆လအတွင်း ☐ ၆လမှတစ်နှစ်ထိ☐ တစ်နှစ်နှင့်အထက်☐ | အတိုးမဲ့☐ ၁မှ၂%☐ ၂မှ၅%☐ ၅မှ၁၀% ☐ ၁၀% ထက်☐ | လိုအပ်သည် ☐ မလိုအပ်ပါ☐ | နည်းသည်☐ ရှိသည်☐ မရှိပါ☐ |
| အဖွဲ့အလိုက်ငွေစု/ငွေချေးအစီအစဉ် | ကာလတို ချေးငွေ☑ ကာလလတ်ချေးငွေ☐ ကာလရှည် | ၃-၆လအတွင်း ☑ ၆လမှတစ်နှစ်ထိ☐ တစ်နှစ်နှင့်အထက်☐ | အတိုးမဲ့☐ ၁မှ၂%☑ ၂မှ၅% ☐ ၅မှ ၁၀ % ☐ ၁၀% | လိုအပ်သည် ☐ မလိုအပ်ပါ☑ | နည်းသည်☑ ရှိသည်☐ မရှိပါ☐ |

| ချေးငွေရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှုအမျိုးအစား | ပြန်လည်ပေးဆပ်ရမည့်ကာလ | အတိုးနှုန်း (လ) | အပေါင်ခံပစ္စည်းလိုအပ်မှု | ချေးငွေရရန်အခက် အခဲများ |
|---|---|---|---|---|---|
| | ချေးငွေ☐ | | ထက်☐ | | |
| ငွေချေးပေးသူ | ကာလတိုချေးငွေ☐<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | နေ့စဉ်☐<br>လစဉ်☐<br>၃-၆လ အတွင်း☐<br>၆လမှ တစ်နှစ်ထိ☐<br>တစ်နှစ်နှင့်အထက်☐ | အတိုးမဲ့☐<br>၁မှ၂%<br>☐ ၂မှ ၅%<br>☐ ၅မှ ၁၀ %<br>☐ ၁၀ % ထက်☐ | လိုအပ်သည်☐<br>မလိုအပ်ပါ☐ | နည်းသည်☐<br>ရှိသည်<br>☐ မရှိပါ☐ |
| အပေါင်ဆိုင် | ကာလတိုချေးငွေ☐<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | နေ့စဉ်☐<br>လစဉ်☐<br>၃-၆လ အတွင်း☐<br>၆လမှ တစ်နှစ်ထိ☐<br>တစ်နှစ်နှင့်အထက်☐ | အတိုးမဲ့☐<br>၁မှ၂%<br>☐ ၂မှ ၅%<br>☐ ၅မှ ၁၀ %<br>☐ ၁၀ % ထက်☐ | လိုအပ်သည်☐<br>မလိုအပ်ပါ☐ | နည်းသည်☐<br>ရှိသည်☐<br>မရှိပါ☐ |
| မိတ်ဆွေနှင့်ဆွေမျိုးများ | ကာလတိုချေးငွေ☐<br>ကာလလတ်ချေးငွေ☑<br>ကာလရှည်ချေးငွေ☐ | နေ့စဉ်☐<br>လစဉ်☐<br>၃-၆လ အတွင်း☐<br>၆လမှ တစ်နှစ်ထိ☑<br>တစ်နှစ်နှင့်အထက်☐ | အတိုးမဲ့☐<br>၁မှ၂%<br>☑ ၂မှ ၅%<br>☐ ၅မှ ၁၀ %<br>☐ ၁၀ % ထက်☐ | လိုအပ်သည်☐<br>မလိုအပ်ပါ☑ | နည်းသည်☑<br>ရှိသည်☐<br>မရှိပါ☐ |

**ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူအုပ်စု၊ (၂) သက်ဆိုင်ရာငွေကြေး ဝန်ဆောင်မှုပေးသောအဖွဲ့များ။**

**မှတ်ချက်။။မြန်မာ့စီးပွားရေးဘဏ်၏သတ်မှတ်ချက်အရကာလတိုချေးငွေဆိုသည်မှာအနည်းဆုံးတစ်ရက်မှ အများဆုံးတစ်နှစ်အထိ၊ကာလလတ်ချေးငွေဆိုသည်မှာ၃နှစ်မှ၅နှစ်အထိ၊ကာလရှည်ချေးငွေဆိုသည်မှာ၅နှစ်မှ၁၀နှစ်အထိဟုသတ်မှတ်ထားပါသည်။အကယ်၍၁၀နှစ်ကာလအထက်ရှည်ကြာစွာချေးပေးသောချေးငွေများရှိခဲ့သောကာလရှည်ချေးငွေတွင်သာထည့်သွင်းပေးရန်ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာအတွင်းဘဏ်လုပ်ငန်းများနှင့် အခြားချေးငွေဝန်ဆောင်မှုလုပ်ငန်းများသို့ သွားရောက်ချေးငှားခြင်းမပြုဘဲ မိတ်ဆွေနှင့်ဆွေမျိုးထံမှ ချေးငှားသုံးစွဲသူများမှာ အနည်းငယ်သာရှိပါသည်။ ထို့ကြောင့်ကျေးရွာအတွင်းသို့ အတိုးနှုန်းသက်သာစေမည့် ချေးငွေဝန်ဆောင်မှုလုပ်ငန်းများ လာရောက်ကူညီပံ့ပိုးနိုင်မည်ဆိုပါက ရွာသူ၊ သားများ၏ စားဝတ်နေရေးနှင့် ကျေးရွာအတွင်း စည်ပင်ဝပြောမှုများလည်း များစွာတိုးတက်မည်ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**(စ) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု**

**(စ-၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

**ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

| အခြေအနေ | အခက်အခဲ | အန္တရာယ်ရှိမှု(အခက်အခဲ “ရှိ” ဟုဖြေဆိုထားပါကဖြေဆိုရန်။ “မရှိ” ဟုဖြေဆိုထားပါကဖြေရန်မလို။)) |
|---|---|---|
| မြေဆီလွှာအခြေအနေ | ရှိ☑ မရှိ☐ | မြင့်☐ လတ်☑ နိမ့်☐ |
| အပင်မျိုးစိတ်များ | ရှိ☑ မရှိ☐ | မြင့်☐ လတ်☑ နိမ့်☐ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | ရှိ☑မရှိ☐ | မြင့်☐ လတ်☑ နိမ့်☐ |
| ရေအရင်းအမြစ် | ရှိ☐ မရှိ☑ | မြင့်☐ လတ်☐ နိမ့်☐ |
| ငါးမျိုးကွဲများ | ရှိ☑ မရှိ☐ | မြင့်☐ လတ်☐ နိမ့်☑ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | ရှိ☑ မရှိ☐ | မြင့်☐ လတ်☐ နိမ့်☑ |
| စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု | ရှိ☑မရှိ☐ | မြင့်☐ လတ်☐ နိမ့်☑ |

**ရင်းမြစ်ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာအတွင်းသဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုတွင် မြေဆီလွှာအခြေအနေနှင့် အပင်မျိုးစိတ်များ၊ ဖျက်ပိုးနှင့် ရောဂါကာကွယ်

ထိန်းချုပ်မှုသည် အန္တရာယ်ရှိနိုင်မှုအခြေအနေမှာ အလယ်အလတ်ရှိနေသောကြောင့် မြေဆီသြဇာများ ကောင်းမွန်စေရန် ထွန်ယက်ပြုပြင်ပြောင်းလဲရမည်ဖြစ်ပါသည်။ ကျေးရွာအတွင်းစွန့်ပစ်ပစ္စည်းများ စနစ်တကျစီမံခန့်ခွဲမှုမျိုးမရှိသောကြောင့် ကျေးရွာ၏စည်ပင်ဝပြောမှုများ နှောင့်နှေးနေကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

**(ဆ)ပညာရေး**

**(ဆ-၁)ပညာရေးနှင့်စာတတ်မြောက်မှု**

**ဇယား (၃၀) မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း**

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|
| စာမတတ်သူဦးရေ | ၄၇ | ၅၃ | ၁၀၀ |
| မူလတန်းအဆင့်ရှိသူဦးရေ | ၂၁၆ | ၂၇၅ | ၄၉၁ |
| အလယ်တန်းအဆင့်ရှိသူဦးရေ | ၇၇ | ၆၇ | ၁၄၄ |
| အထက်တန်းအဆင့်ရှိသူဦးရေ | ၆၂ | ၂၉ | ၉၁ |
| တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူဦးရေ | ၆ | ၁၃ | ၁၉ |

**ရင်းမြစ် အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**မှတ်ချက်။ ။ ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေး ဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော အတန်းပညာ တက်ရောက်ပြီး/တက်ရောက်ဆဲသူများကိုသာ ဖြည့် သွင်းရန်ဖြစ်ပါသည်။ ဖော်ပြပါအချက်နှင့် ကိုက်ညီချင်းမရှိခဲ့သော် ဇယားတွင် ဖြည့်သွင်းခြင်းမရှိဘဲ လေ့လာ တွေ့ရှိချက်တွင်သာ မှတ်ချက်အနေဖြင့် ဖော်ပြရန် ဖြစ်ပါသည်။ အတန်းပညာပြီးမြောက်မှုဆိုသည်မှာ တစ်ဦး တစ်ယောက်၏ ဘဝတွင် သင်ယူလေ့လာခဲ့သော နောက်ဆုံးပညာရေးအဆင့်/ အခြေအနေကို ဆိုလိုပါသည်။**

**ဥပမာ - ယခု စာရင်းကောက်ယူချိန်တွင် အဋ္ဌမတန်း (Grade 8) တွင် ပညာသင်ကြားနေသည်ပါက "အလယ်တန်းအဆင့်ရှိသူဦးရေ" တွင်လည်းကောင်း တတိယတန်း(Grade 3) တွင်ပညာသင်ကြားနေပါက (သို့မဟုတ်) ရေးတတ်ဖတ်တတ်အဆင့်သာ (ဥပမာ-ဘုန်းကြီးကျောင်းထွက်) ရှိသည်ဆိုပါက "မူလတန်း အဆင့်ရှိသူဦးရေ" တွင်သာ ထည့်သွင်းရပါမည်။ "ဘုန်းကြီးကျောင်းသင်ပညာရေး (ဘက-ကျောင်း)"ကို ဆည်းပူးခဲ့၊ ဆည်းပူးဆဲဖြစ်ပါက သက်ဆိုင်ရာအတန်းပညာအဆင့်အလိုက် ထည့်သွင်းရပါမည်။ စတုတ္ထတန်း (Grade4)အောင်မြင်ပြီး အလယ်တန်းပညာဆက်လက်သင်ကြားခြင်းမရှိပါက "မူလတန်း အဆင့်ရှိသူဦးရေ" တွင်သာထည့်သွင်းရပါမည်။အခြေခံပညာမူလတန်းပညာကို သင်ယူပြီးဆုံးသင့်သည့် အရွယ်ကို ကျော်လွန်ပြီး ဖြစ်သော်လည်း စာလုံးဝ မတတ်ပါက "စာမတတ်သူဦးရေ" တွင်သာ ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာအတွင်း၌စာမတတ်သူဦးရေ (၉၉)ဦးရှိပြီး မူလ တန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်းတွင် (၇၄၅)ဦး ရှိကြောင်းလေ့လာတွေ့ရှိပါသည်။ကျေးရွာတွင်ပညာအခြေခံရှိသူ အနည်းငယ်ရှိသော်လည်း မိမိ၏ပညာ ကိုအသုံးချ၍ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ခြင်းမျိုးမရှိဘဲ အခြားပြည်တွင်းပြည်ပသို့ သွားရောက် လုပ်ကိုင်သူနှင့် ကျပန်းလုပ်ငန်းများကိုသာ လုပ်ကိုင်သူ အနည်းငယ်ရှိနေကြောင်းကိုလည်း လေ့လာတွေ့ရှိ

ရပါသည်။

**(ဆ-၂) ကျောင်းတက်နှုန်း**

**ဇယား (၃၁) ကျောင်းတက်နှုန်း**

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၆၅ | ၄၃ | ၁၀၈ |
| အလယ်တန်း | ၂၆ | ၂၃ | ၄၉ |
| အထက်တန်း | ၁၅ | ၅ | ၂၀ |
| တက္ကသိုလ်/ကောလိပ် | ၀ | ၄ | ၄ |

**ရင်းမြစ် (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/ သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက် များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာအတွင်းရှိလက်ရှိပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားဦးရေအရေအတွက်ပေါင်း (၁၈)ဦးရှိပါသည်။ ကျေးရွာ၏လက်ရှိကျောင်းအဆင့်မှာ မူလွန်အဆင့်သာ ရှိသောကြောင့် အလယ်တန်းအထက်တန်းကျောင်းများသို့ သွားရောက်၍ ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားများသည် ခရီးကွာဝေးခြင်း၊ လမ်းပန်းဆက်သွယ်ရေးများ မကောင်းခြင်းကြောင့် သွားလာရာတွင် အခက်အခဲများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဆ-၃) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ**

**ဇယား (၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ**

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| က။ကျောင်းအဆင့် | မူလတန်း☐ မူလွန်☑ အလယ်တန်း(ခွဲ)☐ အလယ်တန်း☐ အထက်တန်း(ခွဲ)☐ အထက်တန်း☐ | မူလတန်း☐ မူလွန်☐ အလယ်တန်း(ခွဲ)☐ အလယ်တန်း☐ အထက်တန်း(ခွဲ)☐ အထက်တန်း☐ | မူလတန်း☐ မူလွန်☐ အလယ်တန်း(ခွဲ)☐ အလယ်တန်း☐အထက်တန်း(ခွဲ)☐ အထက်တန်း☐ |
| ခ။ရွာမှအကွာအဝေး (မိုင်) | ၀မှ၁မိုင်☑ ၁မိုင် မှ၃မိုင်☐ ၁၅မိုင် | ၀မှ၁မိုင်☐ ၁မိုင် မှ၃မိုင်☐ ၁၅မိုင် | ၀မှ၁မိုင်☐ ၁မိုင်မှ၃မိုင်☐၁ ၅မိုင်မှ၂၀မိုင်☐ ၂၀မိုင်အထက်☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| | မှ၂၀မိုင်☐ ၂၀မိုင်အထက်☐ | | | မှ၂၀မိုင်☐ ၂၀မိုင်အထက်☐ | | | | | |
| ဂ။သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှု | ခြေလျင်☐ စက်ဘီး☑ ဆိုင်ကယ်☑ ကား☐ | | | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ်☐ ကား☐ | | | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ်☐ ကား☐ | | |
| ဃ။စာသင်ကျောင်း၏စုစုပေါင်းကြမ်းခင်း ဧရိယာ (စတုရန်းပေ)* | ၄၅၀၀၀ | | | ၀ | | | ၀ | | |
